ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၂၂) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀ )ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၃.၆၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့ ၁၁-၅-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။ ဦးညီညီထွေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။ ဒုတိယဗိုလ်မှူးကြီး သိန်းလွင်၊ တပ်မတော်သားကိုယ်စားလှယ်။ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်နှင့် ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၁)ဦး ဖြစ်တဲ့ အတွက် စုစုပေါင်းခွင့်ပန်ကြားသူ (၁၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူများကို ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြု ထားသူ (၁၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁ဝး၁ဝ။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကချင်ပြည်နယ်၊ ဖားကန့်၊ ကျောက်စိမ်းနယ်မြေ၌ အတိုင်းအဆမဲ့ ကျောက်စိမ်းတူးဖော်ခြင်း၊ စည်းကမ်းမဲ့ မြေစာစွန့်ပစ်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် ဆိုးရွားစွာ ပျက်စီးခြင်း၊ မြေစာပုံပြို၍ အသက်ဆုံးရှုံးမှုများ ဖြစ်ခြင်းတို့ကြောင့် ဒေသခံများကိုယ်တိုင်က ဆန့်ကျင်တားမြစ်နေရခြင်းတို့ ဖြစ်ပွားနေရာ နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာကုမ္ပဏီများအား ဥပဒေနှင့်အညီ စနစ်တကျ အချိန်မီ တားမြစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁ဝး၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခင်မောင်မြင့် က ကချင်ပြည်နယ်၊ ဖားကန့်၊ ကျောက်စိမ်းနယ်မြေ၌ အတိုင်းအဆမဲ့ ကျောက်စိမ်းတူးဖော်ခြင်း၊ စည်းကမ်းမဲ့ မြေစာစွန့်ပစ်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် ဆိုးရွားစွာ ပျက်စီးခြင်း၊ မြေစာပုံပြို၍ အသက်ဆုံးရှုံးမှုများ ဖြစ်ခြင်းတို့ကြောင့် ဒေသခံများကိုယ်တိုင်က ဆန့်ကျင်တားမြစ်နေရခြင်းတို့ ဖြစ်ပွားနေရာ နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာ ကုမ္ပဏီများအား ဥပဒေနှင့်အညီ စနစ်တကျ အချိန်မီ တားမြစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း၍ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝး၁၂။**

**ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ မေးတဲ့မေးခွန်းအတွက်လည်း အချိန်ပို (၂)မိနစ် ကြိုတင်တောင်းခံအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်(၉)၊ ဖားကန့်၊ ကချင်ပြည်နယ်မှ ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက်လည်း ပွင့်ပွင့်လင်းလင်း မေးပါရစေ။ ဖားကန့်ဒေသမှာ ကမ္ဘာပေါ်မှာတောင် အသုံးပြုမှုနည်းပါးသော စက်ယန္တရားကြီးများ၊ တန်(၁၀၀)နီးပါးသယ်ဆောင်နိုင်သော မြေသယ်ကားများ၊ နှစ်ထပ်တိုက်လောက်

မြင့်သော (၂၀၀၀)အားရှိ back-hoeများနှင့်တူးနေသောကြောင့် မြေစာများမှာ ထိန်းမနိုင်သိမ်းမနိုင် တောင်လိုပုံ၍ မြေစာပုံများပြိုသည်မှာလည်း ခဏခဏ၊ လူရာချီသေကြသည်မှာလည်း ကြားသိပြီး လွှတ်တော်ကိုယ်စားလှယ်များလည်း ကြားသိပြီး ဖြစ်မှာပါ။ ရေကြီးရေလျှံမှုများလည်း နှစ်စဥ် ဖြစ်ပေါ်လျက် ရှိပါတယ်။ ဒေသခံများလည်း ထိုယန္တရားကြီးများဖြင့်တူးဖော်မှုကို ခဏခဏတားမြစ် ဆန္ဒပြသည်ကိုလည်း ကြားသိရပြီး ဖြစ်ပါတယ်။

ထို့ကြောင့် သက်ဆိုင်ရာကုမ္ပဏီများကို ဥပဒေနှင့်အညီ စနစ်တကျ အချိန်မီတားမြစ်ပေးရန် အစီအစဥ် ရှိ/မရှိ သိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဖားကန့်သို့ မေလ ၃၀ ရက်နေ့က သွားသည်ကိုလည်း သတင်းကြားသိရပါသည်။ ဖားကန့်သို့ မြန်မာ့ ကျောက်မျက်အသင်း ဥက္ကဋ္ဌ လိုက်ပါသွားသည်ကိုလည်း ကြားသိရပါသည်။ မြန်မာနိုင်ငံကျောက်မျက် အသင်းဥက္ကဋ္ဌပါ၍ ဒေသခံများမှာ အမြင်မကြည်မှုများလည်း ရှိပါသည်ဟု ကြားသိရပါသည်။ ဝန်ကြီး တစ်ဦးတည်းသာ စိစစ်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်ရှိ၍ ဖြစ်ပါသည်။ ဝန်ကြီး ဝေခါလမ်းမှ ပြန်ဆင်းပြီး အင်းတော်ကြီး-မော်ဟာ-နမ့်မချီမော် သို့ သွားရောက်စစ်ဆေးရန်ကိစ္စလည်း လုံခြုံမှုမပေးနိုင်၍ မသွား ဖြစ်သည်လည်း ကြားသိရပါသည်။ ဝန်ကြီး ဖားကန့်သွားပြီးနောက် မေလ ၅ ရက်နေ့တွင် ဘဇံချောက် တစ်သုံးလုံးကုမ္ပဏီ လုပ်ကွက်တွင် ညအချိန်ခိုးဝင်တူးတော့ မြေပြို၍ (၁၄)ယောက် ရေမဆေးသေဆုံး သည်လည်း ကြားသိရပါသည်။ ရေမဆေးများသည်လည်း ကုမ္ပဏီများအလုပ်သိမ်းချိန် ညနေ(၅)နာရီ ထိုးလျှင် ကုမ္ပဏီလုပ်ကွက်အတွင်းသို့ ရေမဆေး ရာချီထောင်ချီ ဥပဒေမဲ့ဝင်ရောက်ကာ တစ်ညလုံးတူး နေကြသည်မှာလည်း အများသိရှိပြီး ဖြစ်ပါတယ်။

ခြုံငုံသုံးသပ်ကြည့်လျှင် ဥပဒေအားနည်းသော လုံခြုံမှုမရှိသောနေရာများတွင် အဖိုးတန် ကျောက်စိမ်းများ တူးဖော်နေခြင်းသည် နိုင်ငံတော်အတွက် များစွာနစ်နာပါသည်။ ပြည်တန်ကျောက်များ လည်းထွက်ရှိနိုင်ပြီး ၎င်းတို့ကိုလည်း နိုင်ငံတော်မှ မရနိုင်ပါ။ နိုင်ငံတော်အနေနဲ့ ပတ်ဝန်းကျင်အပျက်ခံ၊ ဒေသခံတွေ စားရမဲ့ သောက်ရမဲ့ဘဝ၊ မြစ်ချောင်း၊ အင်းအိုင်များ ပျက်စီး၊ စစ်လည်းတစ်ဖန် ပြန်လည် ဖြစ်ပွားနေပါတယ်။ နိုင်ငံတော်အတွက် မည်သို့မှ အကျိုးမရှိသည့်အတွက် ကုမ္ပဏီများ မြေပြိုကျ၍ သေဆုံးသောကုမ္ပဏီများ၊ ကျောက်ခိုးထုတ်သောကုမ္ပဏီများကို ဥပဒေနှင့်အညီ အရေးယူစစ်ဆေး၍ အချိန်မီ တားမြစ်ပေးပါရန် အစီအစဥ် ရှိ/မရှိ သိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။ ကုမ္ပဏီများကိုလည်း မိုးတွင်းတွင် ရပ်နားသည့်အခါ ၎င်းတို့ကို စစ်ဆေးဖို့ လိုအပ်ပါတယ်။ ဖြစ်နိုင်လျှင် ကချင်ပြည်နယ်တွင် လိုအပ်သလို ကျောက်မျက်တူးဖော်ခြင်းကိစ္စကို ညှိနှိုင်းဆောင်ရွက်လျှင် ပိုမို သင့်တော်မည်ဟုလည်း တင်ပြအပ်ပါသည်။ ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော်က အမျိုးသား လွှတ်တော်ပါ။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေ ကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့်ရဲ့ ကချင်ပြည်နယ် ဖားကန့်၊ ကျောက်စိမ်းနယ်မြေ၌ အတိုင်းအဆမဲ့ ကျောက်စိမ်း တူးဖော်ခြင်း၊ စည်းကမ်းမဲ့ မြေစာစွန့်ပစ်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် ဆိုးရွားစွာပျက်စီးခြင်း၊ မြေစာပုံပြို၍ အသက် ဆုံးရှုံးမှုများ ဖြစ်ခြင်းတို့ကြောင့် ဒေသခံများကိုယ်တိုင်က ဆန့်ကျင်တားမြစ် နေရခြင်းတို့ ဖြစ်ပွား နေရာ နိုင်ငံတော်အစိုးရအနေနှင့် သက်ဆိုင်ရာကုမ္ပဏီများအား ဥပဒေနှင့်အညီ စနစ်တကျ အချိန်မီ တားမြစ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြား သွားမှာဖြစ်ပါတယ်။

၂၀၀၁ ခုနှစ်မှာ သတ်မှတ်ထားတဲ့ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေဧရိယာ အကျယ်အဝန်း ဟာ (၁၇၄၄၇၅၇)ဧက ရှိပြီးတော့ လက်ရှိအခြေအနေမှာ နိုင်ငံတော်နဲ့ အကျိုးတူလုပ်ကွက် (၃၀၅)ကွက်၊ ပုဂ္ဂလိကလုပ်ကွက် (၇၃၄၄)ကွက်တို့ကို လုပ်ကိုင်ခွင့် ချထားပေးလျက်ရှိပါတယ်။ လုပ်ကိုင်ခွင့်ချထားပေးတဲ့ ဧရိယာဟာ ရတနာနယ်မြေရဲ့ (၁.၂၅)ရာခိုင်နှုန်း ဖြစ်ပါတယ်။ လုံးခင်း၊ ဖားကန့်နယ်မြေမှာရှိတဲ့ ကျောက်စိမ်းရိုင်းသယံဇာတများကို သားစဉ်မြေးဆက် အသုံးပြုနိုင်ရေး၊ အတိုင်းအဆမဲ့ ကျောက်စိမ်း တူးဖော်မှုမရှိစေရေး၊ မြေစာပုံပြိုကျပြီး မြေစာပိတဲ့ဖြစ်စဉ်များ ဖြစ်ပွားမှုမရှိရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေးတို့အတွက် သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ဥပဒေနဲ့အညီ အစီအမံများရေးဆွဲ၍ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ကွက်အသစ်များ ထပ်မံချထားမှု မပြုခြင်းနဲ့ပတ်သက်ပြီးတော့ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ သတ်မှတ်လုပ်ကွက် အသစ်၊ လုပ်ကွက်အသစ်၊ ဖော်ထုတ်လုပ်ကွက်အသစ်၊ အကျိုးတူ လုပ်ကွက်အသစ်များကို ကျောက်မျက် ကုမ္ပဏီ အဟောင်းအသစ်များသို့ ထပ်မံလုပ်ကိုင်ခွင့် ချထားပေးမှု မပြုတော့ဘဲ ကျောက်စိမ်းရိုင်း သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကို ကန့်သတ်သွားမှာ ဖြစ်ပါတယ်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကွက်များကို ကုမ္ပဏီ အလိုက် လုပ်ကွက်အရေအတွက် ကန့်သတ်ပြီးတော့ လုပ်ကိုင်ခွင့်ချထားပေးခြင်းနဲ့ ပတ်သက်ပြီးတော့ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကို ၂၉-၁-၂၀၁၆ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေနဲ့ကိုက်ညီတဲ့ နည်းဥပဒေကိုတော့ ရေးဆွဲလျက်ရှိပါတယ်။ နည်းဥပဒေ ပြဋ္ဌာန်းပြီးပါက ကျောက်မျက်ရတနာအကြီးစားနဲ့ အလတ်စား၊ အသေးစားနဲ့ လက်လုပ်လက်စား

လုပ်ကွက်များကို ကုမ္ပဏီအလိုက် လုပ်ကွက်အရေအတွက် ကန့်သတ်ပြီးတော့ လုပ်ကိုင်ခွင့် ချထားပေးခြင်းဖြင့် တူးဖော်မှုလုပ်ငန်းများကို ထိန်းချုပ်သွားမှာဖြစ်ပါတယ်။

စက်ယန္တရား၊ မြေသယ်ယာဥ် အရေအတွက်ကို ကန့်သတ်ခြင်းနဲ့ ပတ်သက်ပြီးတော့ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ လုပ်ကိုင်ခွင့်ရ လုပ်ကွက်ဧရိယာ အကျယ်အဝန်းအလိုက် အသုံးပြုရမယ့် စက်ယန္တရား၊ မြေသယ်ယာဥ်အရေအတွက်နဲ့ ဝန်ဆောင်မှုအားကို အောက်ပါအတိုင်း သတ်မှတ်ပြီး ဖြစ်ပါတယ်။ လုပ်ကွက်အကျယ်အဝန်း (၁၀)ဧကနဲ့အောက်ကို back-hoe(၅)စီး၊ ဝန်ဆောင်မှုအားတော့ တန်(၃၅၀) ဖြစ်ပါတယ်။ မြေသယ်ယာဥ်က (၂၀)စီး၊ ဝန်ဆောင်မှုအားက တန်(၁၄၀၀)ဖြစ်ပါတယ်။ (၁၀)ဧက အထက်မှ ဧက(၃၀)ရှိတဲ့အကွက်ကိုတော့ back-hoe (၁၂)စီး၊ ဝန်ဆောင်မှုအား တန်(၈၄၀)၊ မြေသယ် ယာဥ်(၃၆)စီး၊ တန်(၂၅၂၀)ဖြစ်ပါတယ်။ (၃၀)ဧကနဲ့ အထက်ကိုတော့ back-hoe (၂၀)စီး၊ ဝန်ဆောင်မှုအား တန်(၁၄၀၀)ဖြစ်ပါတယ်။ မြေသယ်ယာဥ် အရေအတွက်အားဖြင့် (၄၀)စီး၊ တန် (၃၃၆၀) ဖြစ်ပါတယ်။ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ ကျောက်စိမ်းတူးဖော်လျက်ရှိတဲ့ ကုမ္ပဏီများရဲ့ ယာဥ်၊ ယန္တရား အလွန်အကျွံသုံးစွဲမှုမရှိစေရေးအတွက် ယခင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဦးဆောင်တဲ့ မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့က ၁၆-၁-၂၀၁၆ ရက်နေ့ ကနေပြီးတော့ ၂၃-၁-၂၀၁၆ ရက်နေ့အထိ စစ်ဆေးတွေ့ရှိခဲ့တဲ့ (၁၀၂၈၂)စီးအနက် (၆၁၀၉)စီးကိုသာ အဆင့်မြင့် နည်းပညာများဖြင့် ပြုလုပ်ထားတဲ့ ယာဥ်အသုံးပြုခွင့် လက်မှတ်များကို ထုတ်လုပ်ပေးပြီး ယာဥ်ရဲ့ မြင်သာတဲ့နေရာမှာ တပ်ဆင်ပေးပြီး လုပ်ငန်းခွင်မှာ အသုံးပြုစေခြင်းများကို ၁-၄-၂၀၁၆ ရက်နေ့က စပြီးတော့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပိုလျှံနေတဲ့ ယာဥ်၊ ယန္တရား (၄၁၇၃)စီးကိုတော့ လုပ်ငန်းခွင်မှာ အသုံးမပြုရေးကို တားမြစ် ဆောင်ရွက်ခဲ့ပါတယ်။

လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနဲ့ ပတ်သက်ပြီးတော့ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်း၊ မြေစာစွန့်ပစ်မှုလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း စသည်တို့ကို စနစ်တကျ စီမံခန့်ခွဲ ကြီးကြပ်နိုင်ရန် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များပါဝင်တဲ့ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြေစာပုံ နေရာများသတ်မှတ်ပြီးတော့ စနစ်တကျ မြေစာပုံစုခြင်းနဲ့ စွန့်ပစ်ပြီးသော မြေစာပုံများကို စနစ်တကျ ထိန်းချုပ်ခြင်းနဲ့ ပတ်သက်ပြီးတော့ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ မြေစာများကို စနစ်တကျစွန့်ပစ် စုပုံရန်အတွက် မြေစာပုံနေရာ (၁၂)နေရာကိုလည်းပဲ သတ်မှတ်ထားရှိပြီး ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ မြေစာပုံများမှာ ကုမ္ပဏီများက စနစ်တကျ စွန့်ပစ်မှု ရှိ/မရှိ၊ မြေစာပုံအနီး တရားမဝင်ပျံကျတဲများ ဆောက်လုပ်နေထိုင်ခြင်း ရှိ/မရှိ၊ မြေစာပုံပြိုကျမှုအန္တရာယ် ဖြစ်ပွားနိုင်မှု ရှိ/မရှိ စတဲ့အခြေအနေများကို မြို့နယ်မြေစာစွန့်ပစ်မှု ကြီးကြပ်စစ်ဆေးရေးအဖွဲ့နဲ့ ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းပြီးတော့ ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနအနေဖြင့် ရတနာနယ်မြေအတွင်း ကျောက်စိမ်း တူးဖော်ထုတ်လုပ်တဲ့ ကုမ္ပဏီ၊ သမဝါယမအသင်းများကို မြေစာစွန့်ပစ်ရာမှာ လိုက်နာရမယ့်စည်းကမ်း သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်စေပြီး ပျက်ကွက်ပါက ဥပဒေစည်းကမ်းနဲ့အညီ ထိရောက်စွာ အရေးယူသွားမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းနဲ့ပတ်သက်ပြီးတော့

လုံးခင်း၊ ဖားကန့် ရတနာနယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးတို့ ရှိစေရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့တို့ဟာ တပ်မတော်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဖားကန့်ဒေသရဲ့ သဘာဝနဲ့ လူမှုပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိအောင် စီမံခန့်ခွဲခြင်းနဲ့ ဥရုချောင်းနဲ့ ချောင်းလက်တက်များ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ချောင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်စေခြင်းနဲ့ ပတ်သက်ပြီးတော့ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ ၁-၁-၂၀၁၆ ကနေပြီးတော့ ၃၁-၃-၂၀၁၆ အထိ ဥရုချောင်း ရှင်းလင်းရေးကို ကုမ္ပဏီ(၅၇)ခုက ၎င်းတို့ရဲ့ back-hoe (၂၈)စီး၊ မြေသယ်ယာဉ်(၃၃)စီး၊ ပွန်တွန်းဖောင် (၂)စီးတို့ဖြင့်လည်းကောင်း၊ ချောင်းလက်တက်များ ရှင်းလင်းရေးကို ကုမ္ပဏီ(၁၁၅)ခုက back-hoe (၄၅)စီး၊ မြေသယ်ယာဉ်(၆၉)စီးတို့ဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့ပါတယ်။

ဥရုချောင်းရဲ့ မြစ်ကြောင်းထိန်းသိမ်းမှုကို ကာကွယ်ရေးအတွက် ချောင်းရဲ့ ဝဲ၊ ယာ လုံလောက်တဲ့အကွာအဝေးကို တိုင်းတာသတ်မှတ်ရန်၊ ဒေသရဲ့သဘာဝနဲ့ လူမှုပတ်ဝန်းကျင် ခံနိုင်ရည်ရှိမှုတို့ကို ဆန်းစစ်သုံးသပ်ရန်နဲ့ ကျောက်စိမ်းတူးဖော်မှုများကြောင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများကို စိစစ်ရန်တို့အတွက် ကျွမ်းကျင်ပညာရှင်များပါဝင်တဲ့ တတိယအဖွဲ့အစည်း (Third Party)ကို တာဝန်ပေးပြီးတော့ စစ်ဆေးတွေ့ရှိချက်အရ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan),(EMP) များကို ဆက်လက်ရေးဆွဲပါမယ်။ ရေးဆွဲထားတဲ့ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟာ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများ ကြည့်ရှုရန်နဲ့ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးနေမှုများကို ပြင်ဆင်လုပ်ကိုင်ရန်အတွက် ၂၈-၄-၂၀၁၆ ရက်နေ့မှ ၁-၅-၂၀၁၆ ရက်နေ့အထိ ဖားကန့်ဒေသကို သွားရောက်ခဲ့ပါတယ်။ ခရီးစဉ်အတွင်း ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းဆောင်ရွက်မှု၊ ချောင်းရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်မှု၊ ယာဉ်ယန္တရားများ အသုံးပြုခွင့်အတွက် ကန့်သတ်ထားရှိမှုအခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်အထောက်အကူပြု ကော်မတီ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများကို တွေ့ဆုံခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီးဟာ ဒေသအတွင်း ဆောင်ရွက်ရန်အတွက် အောက်ပါ ဖော်ပြပါ လုပ်ငန်းများကို ညွှန်ကြားခဲ့ပါတယ် -

(က) နိုင်ငံတော်၏ ဝင်ငွေရှာဖွေရေးအတွက် ကျောက်မျက်ရတနာများကို တူးဖော်လုပ်ကိုင်ရာမှာ ဝင်ငွေရရှိရေးထက် ပတ်ဝန်းကျင် ထိခိုက်မှု ရှိ/ မရှိ အခြေအနေကို ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

(ခ) ကျောက်စိမ်း၊ ကျောက်မျက်ရတနာများကို အလွန်အကျွံ တူးဖော်မှု မရှိအောင် ယခင်ခွင့်ပြုခဲ့တဲ့ လုပ်ကွက်များကို ကန့်သတ်ထိန်းချုပ်ခြင်း၊ ကျောက်စိမ်း တူးဖော်ရာတွင် စက်ယန္တရားများကို သတ်မှတ်ထားသည့် အရေအတွက်အတိုင်း အသုံးပြုရေးကို ကြပ်မတ်ဆောင်ရွက်ရန်၊

(ဂ) ကျောက်စိမ်း၊ ကျောက်မျက်ရတနာများဟာ သဘာဝသယံဇာတ တွင်းထွက်များ ဖြစ်သောကြောင့် ရေရှည်လုပ်ကိုင်နိုင်ပြီး သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်းအမွေ ပေးနိုင်အောင် ဆက်လက်၍ နည်းလမ်း ရှာဖွေပြီးတော့ ဆောင်ရွက်သွားရန်၊

(ဃ) ကျောက်မျက်ရတနာများကို ပြည်တွင်းမှာ တရားမဝင် ထုတ်လုပ်ခြင်းများ ပပျောက်ပြီး ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီးရန်၊

(င) ဒေသအတွင်းအစားထိုးသစ်ပင်များ စိုက်ပျိုးခြင်း၊ သစ်တောသစ်ပင်များ ပြန်လည် ဖြစ်ထွန်းအောင် ပြုစုစိုက်ပျိုးခြင်းများကို ဆောင်ရွက်ရန်၊

(စ) မိုးရာသီကာလမှာ သစ်ပင်စိုက်ပျိုးရေး ပွဲတော်များ ပြုလုပ်ပြီးတော့ သစ်ပင်များ စိုက်ပျိုးခြင်းကိုဆောင်ရွက်ရန်၊

(ဆ) ဥရုချောင်းနှင့် ချောင်းလက်တက်များ ရှင်းလင်းရေးလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် ပတ်သက်သည့် အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန်၊

(ဈ) သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရန်နှင့် ဘေးအန္တရာယ် ဖြစ်ပွားမှုမရှိစေရန် အတွက် မြေစာစွန့်ပစ်မှု စနစ်တကျ ရှိစေရေးနှင့် မြေစာပုံများ ပြိုကျမှု မရှိစေရန် မြေစာပုံ ထိန်းချုပ်မှုတို့အတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ည) ကျောက်စိမ်းတူးဖော်မှု လုပ်ငန်းများကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် နယ်မြေ အတွင်း တရားဥပဒေစိုးမိုးမှု ရရှိစေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက် သွားရန်တို့ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ ကျောက်စိမ်းတူးဖော်မှုကို ကန့်သတ်ခြင်း၊ မြေစာစွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ကုမ္ပဏီများက စနစ်တကျ ဆောင်ရွက်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေနဲ့ ဥပဒေနှင့်အညီ အစီအမံများ ရေးဆွဲဆောင်ရွက်လျက် ရှိပါကြောင်းနှင့် အစီအမံ အတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်များ အတွင်း ဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသား မရှိဆင်းရဲသား ပြည်သူများအပေါ် ကျူးကျော်သူများဟု စွပ်စွဲကာ တရားရုံးအမိန့် ဒီကရီမပါရှိဘဲ နေအိမ်များကို အကြမ်းဖက် အင်အားသုံးပြီး ဖျက်ဆီးဖယ်ရှားခဲ့သည့် အတွက် ပြည်သူများ အစုလိုက်အပြုံလိုက် အခြေပျက်၊ အနေပျက်ဘဝများ ပျက်စေသည့် လုပ်ရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့ရဲတပ်ရင်းတပ်ဖွဲ့များမှ အဘယ့်ကြောင့် တားဆီးအရေးယူခြင်း မပြုခဲ့ သည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်များအတွင်း ဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသား မရှိဆင်းရဲသား ပြည်သူများအပေါ် ကျူးကျော်သူများဟု စွပ်စွဲကာ တရားရုံးအမိန့် ဒီကရီမပါရှိဘဲ နေအိမ်များကို အကြမ်းဖက် အင်အားသုံးပြီး ဖျက်ဆီးဖယ်ရှားခဲ့တဲ့ အတွက် ပြည်သူများ အစုလိုက်အပြုံလိုက် အခြေပျက်၊ အနေပျက်ဘဝများ ပျက်စေသည့် လုပ်ရပ်များ ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့ရဲတပ်ရင်းတပ်ဖွဲ့များမှ အဘယ့်ကြောင့် တားဆီးအရေးယူခြင်း မပြုခဲ့သည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်း၍ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကျွန်တော်တို့ နိုင်ငံသားများအပေါ် မေတ္တာ၊ စေတနာ၊ ကရုဏာ ရှေ့ထားပြီးတော့ ကာကွယ် စောင့်ရှောက်နိုင်ပါစေလို့ ဦးစွာ ဆုတောင်းပြီးတော့ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ လှည်းကူး မြို့နယ်များအတွင်း ဖြစ်ပေါ်ခဲ့တဲ့ မြန်မာနိုင်ငံသား မရှိဆင်းရဲသား ပြည်သူများအပေါ် ကျူးကျော်သူများ ဟု စွပ်စွဲကာ တရားရုံးအမိန့် ဒီကရီမပါရှိဘဲ နေအိမ်များကို အကြမ်းဖက် အင်အားသုံးပြီး ဖျက်ဆီး ဖယ်ရှားခဲ့သည့်အတွက် ပြည်သူများ အစုလိုက်အပြုံလိုက် အခြေပျက်၊ အနေပျက်ဘဝပျက်စေတဲ့ လုပ်ရပ်တွေကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့ရဲ တပ်ရင်းတပ်ဖွဲ့များမှ ဘာကြောင့် တားဆီးအရေးယူခြင်း မပြုခဲ့တယ် ဆိုတဲ့ကိစ္စကို ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းမှာ ဖြစ်ပါတယ်။ ပဏာမအနေနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ နိဒါန်းနဲ့ အခြေခံမူမှာ ကျွန်တော်တို့ နိုင်ငံသားတွေအားလုံး ကျွန်တော်တို့ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းကို ကျွန်တော်တို့ ဥပဒေနဲ့အညီ ခံစားခွင့်ရှိရမယ်လို့ ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံသားတိုင်းဟာ တရားမျှတမှုကို တရားရုံးတွေကနေ ရယူနိုင်ရမယ်လို့ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အာမခံထားပြီး ဖြစ်ပါတယ်။ လူတစ်ဦးတည်းက ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုက ငါသိ ငါတတ် ငါအာဏာရှိတယ်ဆိုပြီးတော့ အဓမ္မဇွတ်ဆုံးဖြတ်လုပ်ကိုင်မှုများဟာ တရားမျှတမှု ကင်းမဲ့ခြင်း၊ နိုင်လိုမင်းထက် ပြုလုပ်ခြင်း၊ လောကပါလတရားနဲ့ ကိုက်ညီမှု မရှိခြင်းသာ ဖြစ်ပါတယ်။

အဲဒီတော့ ယနေ့ မြန်မာနိုင်ငံမှာ အိမ်မြေကျူးကျော်နေသူများအပေါ် ဖယ်ရှားရာမှာ မြေအမျိုးအစားပေါ်မှာ မူတည်ပြီးတော့ ဥပဒေအရ ပုံစံ(၂)မျိုး ရှိတယ်လို့ တင်ပြလိုပါတယ်။ တစ်မျိုးကတော့ အစိုးရမြေ၊ နိုင်ငံပိုင်မြေပေါ် ရောက်ရှိနေသူများကို ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာက နှင်ထုတ်တဲ့ ဥပဒေအရ တိုက်ရိုက်ဆွဲချ နှင်ထုတ်နိုင်သလို အောက်မြန်မာနိုင်ငံ မြို့ရွာမြေများ ဥပဒေအရလည်း အရေးယူ အပြစ်ပေးလို့ ရပါတယ်။ ဒါ တစ်မျိုးပါ။ နောက်တစ်မျိုးကတော့ အစိုးရမြေ၊ နိုင်ငံပိုင်မြေမဟုတ်တဲ့ ပုဂ္ဂလိက ကုမ္ပဏီပိုင်၊ အသင်းအဖွဲ့ပိုင်၊ စည်ပင်ပိုင် မြေများအပေါ် ရောက်ရှိနေသူများကိုတော့ တရားရုံးတွေကနေပြီးတော့ တရားစွဲဆိုပြီး အဆုံးအဖြတ် ရယူကာ တရားရုံးအမိန့် ဒီကရီနဲ့သာ နှင်ထုတ်ရမှာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်က ကျင့်သုံးဆဲဖြစ်တဲ့ ကျွန်တော်တို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေမှာ လုပ်ထုံးလုပ်နည်းမှာ ကျွန်တော်တို့ Notice စာ ပေးပြီးချင်း တရားစွဲဆိုရမယ်ဆိုပြီးတော့ကို အတိအလင်း ပြဋ္ဌာန်းထားတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းအတွင်းရှိ ဒဂုံဆိပ်ကမ်းမြို့နယ် (၁၆၈)ရပ်ကွက်၊ (၉၃)ရပ်ကွက်၊ (၆၀)ရပ်ကွက် အသီးသီးမှာရှိတဲ့ အိမ်ခြေ (၁၀၀) လောက်စီကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်မှာ အိမ်ခြေ(၄၇၈)လုံးကိုလည်းကောင်း၊ လှည်းကူးမြို့နယ် သမီးလေးကျေးရွာမှာလည်းကောင်း၊ လှိုင်သာယာ၊ မြောက်ဒဂုံ စသည့် မြို့နယ်တွေမှာရှိတဲ့ အိမ်မြေတွေကို ကျွန်တော်တို့ ရဲတပ်ရင်းတွေ ၊ စွမ်းအားရှင်တွေ၊ ဘူဒိုဇာတွေ၊ လူအား၊ စက်အားတွေနဲ့ အကြမ်းဖက် ဖျက်ဆီးပြီးတော့ ဖယ်ရှားခဲ့တာဟာဖြင့် တရားရုံး၊ အမိန့်ဒီကရီ မပါရှိဘဲနဲ့ လုပ်ကိုင်ခဲ့တာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပိုင်ဆိုင်ကြောင်း အထောက်အထားတွေ ပြတယ်၊ မြေခွန်၊ လယ်ခွန်တွေ ပြပြီးတော့ ဖြေရှင်းပေမယ့်လည်း ဖြေရှင်းခွင့် မရဘဲနဲ့ အကြမ်းဖက် ဖယ်ရှားခံခဲ့ကြခြင်း ဖြစ်ပါတယ်။

အဲဒီလို ပုဂ္ဂလိကပိုင် ကုမ္ပဏီပိုင် မြေအပေါ် ရောက်ရှိနေသူများအပေါ်မှာ တရားရုံးအမိန့် ဒီကရီမပါဘဲနဲ့ တရားမျှတမှုကင်းမဲ့စွာ အကြမ်းဖက်ဖယ်ရှားပြီးတော့ အစုလိုက် အပြုံလိုက် ဒီလိုဖယ်ရှားခံရခြင်းဟာ ကျွန်တော်တို့ ပြည်သူများအပေါ်မှာ တရားမျှတမှု ကင်းမဲ့တယ်၊ တရားဥပဒေနဲ့ မညီတဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း ဆန့်ကျင်နေတယ်ဆိုတာ အထင်အရှား အားလုံး မြင်တွေ့ကြရပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတာကတော့ အခုလို အစုလိုက် အပြုံလိုက် ပြည်သူတွေ ဘဝပျက် အခြေပျက် အနေပျက်အောင် ကျွန်တော်တို့ အကြမ်းဖက် ဖယ်ရှား ဖျက်ဆီး ရှင်းလင်းနေတဲ့ ကိစ္စတွေအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့ရဲတပ်ရင်းတပ်ဖွဲ့တွေကနေ ပြည်သူတွေကို ဘာကြောင့်များ အကာအကွယ် မပေးခဲ့ကြတာလဲဆိုတာ တစ်ချက်ပါ။ ဒုတိယတစ်ချက်ကတော့ အဲဒီလို အနိုင်ကျင့် အကြမ်းဖက် ကျူးလွန်ခဲ့တဲ့ လူတွေအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့ရဲတပ်ရင်းတပ်ဖွဲ့တွေက ဘာကြောင့် တားဆီးအရေးယူမှု မပြုလုပ်ခဲ့တာလဲဆိုတာကို ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုပါတယ်။ (ဩဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။ ဖြေကြားပြီးရင်ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး မေးမြန်းတဲ့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နဲ့ လှည်းကူးမြို့နယ်များအတွင်း ဖြစ်ပေါ်ခဲ့တဲ့ မြန်မာနိုင်ငံသား မရှိဆင်းရဲသား ပြည်သူများအပေါ် ကျူးကျော်သူများဟု စွပ်စွဲကာ တရားရုံးအမိန့် ဒီကရီမပါရှိဘဲ အစုလိုက်အပြုံလိုက် အခြေပျက်၊ အနေပျက်၊ ဘဝပျက်စေသော နေအိမ်များကို အကြမ်းဖက် အင်အားသုံး ဖျက်ဆီးဖယ်ရှားနေခဲ့တဲ့ လုပ်ရပ်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့ရဲ တပ်ရင်းတပ်ဖွဲ့များမှ အဘယ်ကြောင့် တားဆီးအရေးခဲ့ယူခြင်း မပြုခဲ့သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လှည်းကူးမြို့နယ်၊ စခန်းကြီးကျေးရွာ စိုက်ပျိုးရေးဦးစီးဌာနပိုင် ကွင်းအမှတ် (၉၇၈/၉၈၉)တို့မှာ ကျူးကျော်တဲ (၁၂၈၀)လုံး ဆောက်လုပ်နေထိုင်လျက်ရှိကြောင်း ၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်မှာရှိတဲ့ နိုင်ငံတော် စီမံကိန်းဧရိယာ မြေတိုင်းအမှတ် (၆၁၊ ၇၃၊ ၇၄၊ ၇၅)တို့အပေါ်မှာ ကျူးကျော်တဲ (၂၃၂)လုံး ဆောက်လုပ်နေထိုင်လျက်ရှိကြောင်း၊ ဒဂုံမြို့နယ်၊ ထောက်ကြန့် ပျဉ်းမပင် စက်မှုဇုန် စိုက်ပျိုးရေး စီမံကိန်းဧရိယာ (၅၆၀.၀၆)ဧကအတွင်းမှာ ကျူးကျော်တဲ (၄၇၈)လုံး ဆောက်လုပ်နေထိုင်လျက်ရှိကြောင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ထုတ်ပြန်ချက်များအရ သိရှိရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်များအရ ဖော်ပြပါမြေများမှ ကျူးကျော်တဲများ ဖယ်ရှားရှင်းလင်းရေးအတွက် ၁၈၉၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ ၂၁(၁) နှင့်(၂)တို့အရ လုပ်ထုံးလုပ်နည်းနှင့်အညီ အမိန့်စာများ ထုတ်ပြန်ကြေညာခဲ့ပြီး သတ်မှတ်ကာလ ကျော်လွန်ပြီးနောက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့မှ အဖွဲ့များဖြင့် ကျူးကျော်တဲများကို ဖယ်ရှားရှင်းလင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖော်ပြပါ မြို့နယ်တွေမှာ အစိုးရပိုင်မြေများမှ ကျူးကျော်သူများ ဖယ်ရှားရှင်းလင်းမှုနှင့်ပတ်သက်ပြီး ၁၈၉၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေ ၂၁(၁)မှာ တစ်စုံတစ်ယောက်သောသူအား ဤအက်ဥပဒေအရ အစိုးရမြေမှ နှင်ထုတ်သည့်အခါ အခွန်တော်အရာရှိသည် ထိုသူနှင့် ထိုမြေတွင် အကယ်၍ လက်ရှိနေထိုင်သော အခြားသူ တစ်စုံတစ်ယောက်ရှိခဲ့လျှင် ထိုသူအား ထိုမြေမှ ထွက်ခွာသွားစေရန်နှင့် သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုအတွင်း၌ အစိုးရပစ္စည်းမဟုတ်သော ထိုမြေပေါ်ရှိ အခြားပစ္စည်းများ အားလုံးကိုလည်း ဖယ်ရှားရန် အမိန့်တစ်ရပ်ကို ထုတ်ပြန်နိုင်သည်။ ယင်းအမိန့် မိတ္တူတစ်စောင်ကို ထိုမြေပေါ်တွင် မြင်သာသည့်နေရာတွင်လည်းကောင်း သို့မဟုတ် ထိုမြေပေါ်ရှိ အဆောက်အဦတစ်ခုတွင်လည်းကောင်း ကပ်ထားရမည်ဟု ပြဋ္ဌာန်းပါရှိခဲ့ပါတယ်။

အလားတူ ၎င်းအက်ဥပဒေ ၂၁(၂) တွင် အမိန့်တွင် ဖော်ပြထားသော သတ်မှတ်ထားသည့် အချိန်ကုန်လွန်သွားသည့်နောက် ထိုမြေကို လက်ရှိရယူထားသူ သို့မဟုတ် ထိုမြေပေါ်တွင် ဆက်လက်နေထိုင်သူ မည်သူကိုမဆို အခွန်တော်အရာရှိက ၎င်း၏ အမိန့်အား တားဆီးခြင်း သို့မဟုတ် ခုခံခြင်း မပြုနိုင်ရန် ရည်ရွယ်၍ ၎င်း၏ ဖမ်းဝရမ်းဖြင့် ဖမ်းဆီးခြင်း ခံရမည့်အပြင် အခွန်တော်အရာရှိက သင့်မြတ်သည်ဟု ထင်မြင်သည့်အတိုင်း တရားမထောင်တွင် ကျခံစေရမည်။ ယင်းအမိန့်တွင် သတ်မှတ်ထားသည့် အချိန်ကုန်လွန်ပြီးနောက် အစိုးရပိုင်ပစ္စည်းများမှအပဖြစ်သော အခြားပစ္စည်းတစ်ခုခုသည် ထိုမြေပေါ်တွင် ကျန်ရှိနေလျှင် ထိုအရာရှိက ထိုပစ္စည်းကို ဖယ်ရှားစေနိုင်သည်ဟု ပြဋ္ဌာန်းပါရှိထားကြောင်း တွေ့ရှိရပါတယ်။ ဖော်ပြပါဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အစည်းအဝေး ဆုံးဖြတ်ချက်၊ လမ်းညွှန်ချက်များအရ သက်ဆိုင်ရာ အခွန်တော်အရာရှိများမှ ဥပဒေနှင့်အညီ အမိန့်ထုတ်ပြန်ခြင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖယ်ရှားရှင်းလင်းခြင်းတို့ဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်အတွက် တရားရုံး၊ ဒီကရီအမိန့်ရယူဆောင်ရွက်ရန်မလိုဘဲ လုပ်ငန်းစဉ်တစ်ခုလုံးအား သက်ဆိုင်ရာအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းတို့ကို တွေ့ရှိရပါတယ်။

သို့ပါ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်များအရ တိုင်းဒေသကြီး နယ်မြေအတွင်းရှိ အစိုးရပိုင် မြေများပေါ်မှ ကျူးကျော်တဲများ ဖယ်ရှားရှင်းလင်းမှုကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မှုအပေါ် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပတ်သက်ဆက်စပ်ဆောင်ရွက်ခွင့်နှင့် တားဆီးအရေးယူရန် မရှိသည့်အတွက် ကျူးကျော်နေထိုင်သူများနှင့် တာဝန်အရဆောင်ရွက်သူများအကြား တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုမရှိစေရေး လုံခြုံရေးအရ ဆောင်ရွက်ပေးခဲ့ခြင်းသာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။အောက်မြန်မာနိုင်ငံ မြို့ရွာမြေများ ဥပဒေမှာ အတိအလင်းရေးထားပါတယ်။ အင်္ဂလိပ်လို ပြဋ္ဌာန်းထားပြီးတော့ State Land လို့ အတိအလင်း ဖော်ပြထားပါတယ်။ နိုင်ငံပိုင်မြေပါ။ အဲဒီတော့ အခု စောစောက ပြောတဲ့ ကျွန်တော်တို့ မြို့နယ်တွေရဲ့ အသီးသီးမှာရှိတဲ့ ဖယ်ရှားရှင်းလင်းခံရတဲ့ မြေတွေဟာ စီမံကိန်းအရ ကုမ္ပဏီတွေက နေပြီးတော့ လက်ခံရယူပြီးတော့ ကုမ္ပဏီလုပ်ပိုင်ခွင့်ရထားတဲ့ ကုမ္ပဏီပိုင်မြေတွေ ဖြစ်တယ်လို့ ကျွန်တော်တို့ သိရှိထားရပါတယ်။ အဲဒီတော့ တစ်ဆက်တစ်စပ်တည်း ဝန်ကြီးကို လေးစားစွာနဲ့ မေးမြန်းလိုပါတယ်။ ကျွန်တော်တို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၁၉ (င)တို့၊ ပုဒ်မ ၃၇ ၅ တို့မှာ နိုင်ငံသားတိုင်းဟာ ခုခံချေပဖြေရှင်းခွင့် ရှိရမယ်လို့ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ အဲဒီအပြင် ပုဒ်မ ၃၅၆ မှာ နိုင်ငံသားပိုင် ပစ္စည်းတွေကို နိုင်ငံတော်က အကာအကွယ်ပေးရမယ်လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၅၇ မှာ နိုင်ငံသား တွေပိုင်တဲ့ အိမ်ဥပစာတွေကို နိုင်ငံတော်က အကာအကွယ်ပေးရမယ်လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ စောစောက ကုမ္ပဏီပိုင်၊ ပုဂ္ဂလိကပိုင် လုပ်ပိုင်ခွင့်ရထားတဲ့ မြေတွေပေါ်က နိုင်ငံသားတွေပိုင်တဲ့ အိမ်တွေကို အကြမ်းဖက် ဖယ်ရှားတဲ့ ကိစ္စသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ ကိုက်ညီမှု မရှိတဲ့အတွက် အခြေခံဥပဒေပုဒ်မ ၁၉၈ အရ ပျက်ပြယ်နေတဲ့ လုပ်ရပ်တွေသာ ဖြစ်ပါတယ်။ ဥပဒေနဲ့ မညီပါဘူး။ ဒါကြောင့်မို့လို့ ဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့

ကိုက်ညီမှုမရှိတဲ့ ဆောင်ရွက်မှုများကို နောက်နောင် ဆက်လက်လုပ်ဆောင်ဖို့ ရှိ/ မရှိ ဆိုတာလေးလည်း လေးစားစွာ မေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီးအနေနဲ့ ဒီထပ်ဆင့်မေးခွန်းကို ချက်ချင်းဖြေနိုင်မယ်ဆိုရင်တော့ ဖြေကြားပေးပါ။ တကယ်လို့ အချိန်ယူမယ်ဆိုရင်တော့ စာနဲ့ ပြန်လည်ဖြေကြားပေးဖို့ ပြောကြားလိုပါတယ်။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ တင်ပြချက်အပေါ်မှာ အခြေခံပြီး ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းကို ဖြေကြားသွားပါမယ်။ ပထမတစ်ချက်ကတော့ တင်ပြပါ မြေတွေဟာ ကျူးကျော်အဖြစ် သတ်မှတ်ခြင်း၊ အစိုးရပိုင်မြေအဖြစ် သတ်မှတ်ခြင်း၊ ပုဂ္ဂလိကမြေအဖြစ် သတ်မှတ်ခြင်း ဒါတွေအားလုံးဟာ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရရဲ့ ဥပဒေ လုပ်ထုံးလုပ်နည်းနဲ့အညီ သတ်မှတ်ချက်တွေ ဖြစ်ပါတယ်။ ဒီအပေါ်မှာ သတ်မှတ်ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရကနေ တင်ပြပါ မြေတွေဟာ အစိုးရပိုင် မြေတွေ ဖြစ်တဲ့အတွက် ဒီပေါ်မှာ ဝင်ရောက်နေထိုင်သူတွေဟာ ကျူးကျော်သူများ ဖြစ်တယ်လို့ ကြော်ငြာချက်တွေ ထုတ်ပြန်ချက်အရပါရှိကြောင်း ကျွန်တော့်အနေနဲ့လည်း ဖြေဆိုချက်မှာ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှာ ရှိသော်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးမှာရှိတဲ့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွေရဲ့ တာဝန်ယူ ဆောင်ရွက်မှုကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ တာဝန်ပေးချက်နဲ့ ဆောင်ရွက်ပါတယ်။ အလားတူပဲ လိုအပ်ချက်တွေကို ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ တိုက်ရိုက်ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျူးကျော်သူတွေကို ဖယ်ရှားရှင်းလင်းနိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီးတော့ သက်ဆိုင်ရာနယ်မြေအတွင်းမှာရှိတဲ့ ခရိုင်ရဲတပ်ဖွဲ့တွေကို ကျူးကျော်တဲများဖယ်ရှားရှင်းလင်းမှုမှာ ကျူးကျော်သူနဲ့ ဖယ်ရှားရှင်းလင်းသူတွေကြားထဲမှာ ပဋိပက္ခဖြစ်ပွားခြင်းတွေ၊ တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုရှိခြင်းတွေ မဖြစ်ပေါ်စေဖို့အတွက် လုံခြုံရေးအရ တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဥပမာအားဖြင့်ဆိုရင် ၁၅-၁၂-၂၀၁၅ ရက်နေ့မှာ ဆောင်ရွက်ခဲ့တဲ့ လှည်းကူးမြို့နယ်၊ စခန်းကြီးကျေးရွာ စိုက်ပျိုးရေးဦးစီးဌာနပိုင် ကွင်းအမှတ် ၉၇၈/ ၉၈၉ တို့ကို ရှင်းလင်းတဲ့အချိန်မှာတော့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်လွင် ဦးဆောင်တဲ့ တပ်ဖွဲ့ဝင်များကို ထိုသို့ ဆောင်ရွက်နေတဲ့အချိန်မှာ လုံခြုံရေးအရ စောင့်ရှောက် ခြင်းကို တာဝန်ယူ ဆောင်ရွက်စေခဲ့ပါတယ်။

အလားတူပဲ ၂၃-၁-၂၀၁၆ ရက်နေ့မှာ ကျွန်တော်တို့ ဒဂုံဆိပ်ကမ်းမြို့နယ်မှာရှိတဲ့ ကျူးကျော်တဲ (၂၃၂)လုံးကို ဖယ်ရှားရှင်းလင်းတဲ့အချိန်မှာတော့ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေး ဦးဆောင်တဲ့ တပ်ဖွဲ့ဝင်များကို ဒီနေရာမှာ လုံခြုံရေးအရ ဆောင်ရွက်ဖို့အတွက် တာဝန်ပေးခဲ့ပါတယ်။ အလားတူ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မှာရှိတဲ့ ကျူးကျော်တဲ (၄၇၈)လုံးကို ရှင်းလင်းတဲ့ အချိန်မှာလည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်လွင် ဦးဆောင်တဲ့ တပ်ဖွဲ့ဝင်တွေကို ထိုအချိန်က လုံခြုံရေးအရ စောင့်ရှောက် တာဝန် ပေးအပ်ခြင်း တွေကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ မေးခွန်းထဲမှာ ပါရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ နောင်လည်း အလားတူပဲ ပြည်သူလူထုအပေါ်မှာ ဒီလိုဆောင်ရွက်ချက်တွေအပေါ်မှာ လက်ရှိအတိုင်း တစ်စုံတစ်ရာ အကာအကွယ်ပေးမှုမပြုဘဲ ဆက်နေမှာလားဆိုတဲ့

မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြေများကို ကျူးကျော်မြေအဖြစ် သတ်မှတ်ခြင်း၊ အစိုးရပိုင်မြေအဖြစ် သတ်မှတ်ခြင်း၊ ပုဂ္ဂလိကပိုင်မြေအဖြစ် သတ်မှတ်ခြင်းတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လုပ်ထုံးလုပ်နည်းဥပဒေ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်တာဖြစ်တဲ့အတွက် ၎င်းတို့ရဲ့ဆောင်ရွက်ချက်တွေအပေါ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေအပေါ် တာဝန်ပေးအပ်မှုအပေါ်မှာအခြေခံပြီး ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးရဲ့ လုံခြုံမှုအကာအကွယ် ရရှိရေးကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)က ပြည်သူ့ကောင်စီဥပဒေ(ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ကောင်စီ ဥပဒေ(ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအမျိုးသားလွှတ်တော်မှာ လွန်ခဲ့တဲ့ ၂-၅-၂၀၁၆ ရက်နေ့ (၁၇)ရက်မြောက် ပထမပုံမှန်အစည်းအဝေးမှာ ဥပဒေကြမ်းတစ်ရပ်ကို လက်ခံဆွေးနွေးဖို့ ကျွန်တော် တင်သွင်းခဲ့ပါတယ်။ အဲဒီဥပဒေကြမ်းကတော့ ပြည်သူ့ကောင်စီ ဥပဒေ(ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းဖို့ ကိစ္စပဲဖြစ်ပါတယ်။ သို့သော် ဒီနေ့အထိ ယင်းအဆိုနဲ့ပတ်သက်ပြီးတော့ ဆန့်ကျင်ဆွေးနွေးချက် တစ်စုံတစ်ရာ မရှိတဲ့အတွက် တင်သွင်းထားတဲ့ ဥပဒေကြမ်းကို အတည်ပြုပေးပါရန် လွှတ်တော်ကို လေးစားစွာ တင်ပြလျှောက်ထားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ဦးဇော်မင်း တင်သွင်းခဲ့တဲ့ ပြည်သူ့ကောင်စီ ဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို အတည်ပြုရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး က ထောက်ခံပါ တယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုရန် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ ပြည်သူ့ကောင်စီ ဥပဒေ(ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း အား အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည် ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ပြည်သူ့ကောင်စီ ဥပဒေ(ဥပဒေအမှတ်၈/၁၉၇၄)ကို ရုပ်သိမ်း သည့် ဥပဒေကြမ်းသည် အတည်ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) (အတွင်းရေးမှူး၊ ဥပဒေကြမ်း ကော်မတီ)က နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ကောင်စီ ဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(က)အရ နိုင်ငံတော်ကောင်စီ ဥပဒေ(ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ထပ်မံနှုတ်ခွန်းဆက်သအပ်ပါတယ်။ နိုင်ငံတော်ကောင်စီဥပဒေ(ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ မေလ ၃ရက်နေ့က ကျွန်တော် တင်သွင်းခဲ့ပါတယ်။ ဒီဥပဒေကြမ်းအပေါ်မှာ ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ပြင်ဆင်ချက်အဆိုကို အတိအကျဖော်ပြရေးသားပြီးတော့ လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံကို ပေးပို့ရမှာ ဖြစ်ပါတယ်။ တစ်ဦးမျှပေးပို့ထားခြင်းမရှိပါဘူး။ နောက်ပြီးတော့ ဒီဥပဒေဟာ အဆိုတင်သွင်းစဥ်တုန်းက လွှတ်တော်ကို တင်ပြခဲ့သလိုပါပဲ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အဲဒီတုန်းက တစ်ပါတီစနစ် ကျင့်သုံးဆောင်ရွက်တဲ့နေရာမှာ ရေးဆွဲပြဌာန်းခဲ့ခြင်းဖြစ်ပါတယ်။

အခုအခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း ကိုက်ညီမှုမရှိတော့တဲ့အပြင် လက်တွေ့မှာလည်း ကျင့်သုံးဆောင်ရွက်နိုင်တဲ့ ဥပဒေတစ်ရပ် မဟုတ်တော့တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ အခုအခါမှာ အမျိုးသားလွှတ်တော်ကြီးက နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး က အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီမှ တင်သွင်းသော နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းထားခြင်းအား ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး မှ လေးနက်စွာ အတည်ပြုပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ကောင်စီဥပဒေ(ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုရန် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေ အမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ နိုင်ငံတော်ကောင်စီ ဥပဒေ(ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် နိုင်ငံတော်ကောင်စီ ဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးအောင်သိန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးအောင်သိန်း ဖြစ်ပါတယ်။ ယခုဖတ်ကြား စိစစ်တင်ပြခြင်း အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်မှာ ကျွန်တော်တို့ တင်ပြအစီရင်ခံစာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်**

**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၆-၉၀

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်

၁။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ၅-၅-၂၀၁၆ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာမှာ အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိတဲ့ နိုင်ငံဖြစ်သည်နှင့်အညီ ပြဋ္ဌာန်းဥပဒေများသည်လည်း ဒီမိုကရေစီ စံနှုန်းများနှင့် ညီညွတ်မှုရှိရန်လိုအပ်ကြောင်း၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းပါ ပုဒ်မ ၃၅၇ တွင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ နိုင်ငံသားတို့အနေဖြင့် စနစ်တကျ ဆန္ဒဖော်ထုတ်ခွင့်ရှိစေရန် ဤဥပဒေကို ပြဋ္ဌာန်းရန် လိုအပ်ခြင်းဖြစ်ကြောင်း၊ ဤသို့ ပြဋ္ဌာန်းရတဲ့အခါမှာ နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းမရှိဘဲ ဖိနှိပ်တဲ့ ဥပဒေမျိုးမဖြစ်စေရန် အထူးလိုအပ်ပါကြောင်း၊ တစ်ဖက်မှလည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို အဖျက်အမှောင့်လုပ်ရပ်များဖြင့် နှောင့်ယှက်မည့်သူများ အန္တရာယ်မှလည်း ကာကွယ်ဟန့်တားထားရန် လိုအပ်ပါကြောင်း၊ နိုင်ငံသားတို့ရဲ့ အခွင့်အရေးကို ဥပဒေနှင့်အညီ စနစ်တကျ သုံးစွဲဆောင်ရွက်ရာမှာ လွယ်ကူရိုးရှင်းစွာ အသုံးပြုနိုင်ရေးအတွက် မူလဥပဒေနှင့် ပြင်ဆင်တဲ့ဥပဒေများအစား ဤဥပဒေကြမ်းကို လွှတ်တော်သို့ ရေးဆွဲတင်သွင်းခဲ့ရခြင်းဖြစ်ကြောင်းတို့ကို လေ့လာတွေ့ရှိရပါတယ်။

(ခ) တည်ဆဲငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ပြုလုပ်လိုလျှင် သက်ဆိုင်ရာ မြို့နယ်ရဲစခန်းသို့ ခွင့်ပြုချက် တင်ပြတောင်းခံပြီး ခွင့်ပြုချက်ရရှိမှသာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းကို ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၇ အရ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဟာ နိုင်ငံသားတို့ရဲ့ မူလအခွင့်အရေး ဖြစ်တာနှင့်အညီ မိမိတို့၏ အခွင့်အရေးကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ(က) တွင် အသိပေးတင်ပြချက် ဆိုသည်မှာ ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရန် ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာသို့ အကြောင်းကြားခြင်းကို ဆိုသည်လို့ ပြင်ဆင်ရေးဆွဲခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် တရားစွဲဆိုရာတွင် မလိုလားအပ်ဘဲ အချိန်ကြန့်ကြာမှုမရှိစေရန်အတွက် အပိုဒ် ၂၀ တွင် မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို သက်ဆိုင်ရာ တရားရုံးသို့ ၁၅ ရက်အတွင်း တရားစွဲ တင်ပို့ရမည်ဟု ပြင်ဆင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ တရားရုံးတစ်ရုံးထက်ပိုပြီး တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်စေ ရန်အတွက် အပိုဒ် ၂၁ တွင် ဤဥပဒေအရ တရားစွဲဆိုရာတွင် ဆက်စပ်

မြို့နယ်များ ပါဝင်နေပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခု အတွင်းဖြစ်လျှင် ပြစ်မှုကို စတင်ဖောက်ဖျက်ကျူးလွန်တဲ့မြို့နယ်တရားရုံးကသာ စီရင်ပိုင်ခွင့်ရှိသည် ဟု ပြင်ဆင်ဖြည့်စွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ဤဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ အကြံပြုဆွေးနွေးချက်များကိုလည်း အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ ကြိုဆိုပါကြောင်း ကိုယ်စားလှယ်များ၏ ပြင်ဆင်အကြံပြုချက်များကို ပြန်လည်ကြားနာ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ ဒါကြောင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ အကြံပြုဆွေးနွေးချက်များနဲ့ ပေါင်းစပ်ဖြည့်ဆည်းပြီး အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံစာတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၅-၂၀၁၆ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ရေချိုငါးလုပ်ငန်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရေချိုငါးလုပ်ငန်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးသိန်းလွင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြမှာကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ရေချိုငါးလုပ်ငန်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၆-၈၈

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်

၁။ ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၄-၅-၂၀၁၆ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာ မူလဥပဒေသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ဥပဒေအမှတ် ၁/၁၉၉၁) ဖြင့် ၁၉၉၁ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး ယခုအခါ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေစာရင်းအရ တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်များမှ မိမိတို့၏ ဒေသအသီးသီးအလိုက် ရေချိုငါးလုပ်ငန်း ဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး သို့မဟုတ် ပြဋ္ဌာန်းရန်ဖြစ်သဖြင့် ဤဥပဒေကို ရုပ်သိမ်းသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော် က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံစာ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရေချိုငါးလုပ်ငန်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရေချိုငါးလုပ်ငန်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၅-၂၀၁၆ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ရုပ်နားကြောင်းနှင့် (၂၃) ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ရုပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၃)ရက်မြောက် နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက် (ကြာသပတေးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရုပ်နားပါသည်။]